# ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

## ဒသမနေ့အစီအစဉ်

## [ ၁၅ - ၃ - ၂၀၁၁ ]

## (အင်္ဂါနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ရခိုင်ပြည်နယ်နှင့် ပြည်မဆက်သွယ်သော မော်တော်ကားလမ်းများ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှု** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်၏ ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်းဝယ်ဖောက်ကားနိုင်ရန် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးများ ဖောက်လုပ်ပေးနိုင်မှု** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ် မြို့များအားလုံး ဆက်သွယ်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက် ပေးနိုင်မှု** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ဖွံ့ဖြိုးရေး အထူးဒေသကြီး(၂၄)ခု သတ်မှတ်ရာတွင် ချင်းပြည်နယ်ပါဝင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **လက်ရှိလစာနှုန်းထား မမှီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန်** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း -

- ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

၇။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **တိုင်းပြည်တာဝန် ထမ်းဆောင်နေကြသော တပ်မတော်နှင့် ဌာနဆိုင်ရာအမှုထမ်း၊ အရာထမ်းများနှင့် ၎င်းတို့၏ မိသားစုအားလုံးအတွက် လုံလောက်သော အခြေခံ စားကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေဖြည့်ဆည်းပေးရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါ က ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၉။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **နိုင်ငံတော်အား ပုတ်ခတ်ဆန့်ကျင်သော အရေးအသားမှအပ အခြားပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို လူမျိုးနွယ်စု(Tribe)များ၏ ဘာသာစကားဖြင့် စာအုပ်၊ စာစောင်၊ သတင်းစာများအား လွတ်လပ်စွာ ရေးသားထုတ်ဝေ နိုင်ရေးအတွက် ခွင့်ပြုပေးပါရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါ က ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။